Summa Health™

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

**ရည်ရွယ်ချက်-**

ဤမူဝါဒ၏ ရည်ရွယ်ချက်မှာ Summa Rehab ဆေးရုံ၏ ငွေရေးကြေးရေးအထောက်အကူ အစီအစဉ်နှင့် လျှောက်ထားခြင်းအတွက် လုပ်ငန်းစဉ်ကို အဓိပ္ပာယ်ဖွင့်ဆိုရန်ဖြစ်ပါသည်။

**မူဝါဒ-**

Summa Rehab ဆေးရုံသည်လူမှုအသိုင်းအဝိုင်း၏လိုအပ်ချက်များကိုတုံ့ပြန်ဖြေရှင်းသည့် ငွေရေးကြေးရေးအထောက်အကူကို အရေးပေါ် သို့မဟုတ် ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်ရှိနေသည့် စောင့်ရှောက်မှုကို ရရှိရန်ကြိုးပမ်းနေသည့် အကန့်အသတ်နည်းလမ်းများနှင့် ရင်ဆိုင်နေရသော လူနာများထံ ပံ့ပိုးသွားရန် ကတိပြုထားပါသည်။ Summa Rehab ဆေးရုံက လူတစ်ဦးချင်းစီ၏ ပေးချေနိုင်စွမ်း သို့မဟုတ် ဤမူဝါဒအရ ၎င်းတို့၏ အကျုံးဝင်မှုကို ပဓာနမထား ခွဲခြားဆက်ဆံမှုမရှိဘဲ ဆေးကုသမှုဆိုင်ရာအရ လိုအပ်သည့်စောင့်ရှောက်မှုကို ပံ့ပိုးမည်ဖြစ်ပါသည်။

**ငွေရေးကြေးရေးအထောက်အကူနှင့် ဆက်စပ်သောမူဝါဒများ-**

Summa Rehab ဆေးရုံသည် ဤငွေရေးကြေးရေးအထောက်အကူပြုမူဝါဒအရ ငွေရေးကြေးရေးအထောက်အကူအတွက် အရည်အချင်း ကိုက်ညီမှု မရှိသူအာမခံထားခြင်းမရှိသူများအတွက်ရွေးချယ်ခွင့် သို့မဟုတ် လုံလောက်သည့်အာမခံထားခြင်းမရှိသည့် လူနာများအတွက် အခြား ရွေးချယ်ခွင့်များကို ပေးစွမ်းလျက်ရှိပါသည်။ နောက်ထပ်အချက်အလက်များရယူရန် Summa Rehab ဆေးရုံ၏ အောက်ပါမူဝါဒများကို ကျေးဇူးပြု၍ကြည့်ပါ-

- Summa Rehab ဆေးရုံကျသင့်ငွေတောင်းခံလွှာနှင့် ငွေကြေးကောက်ခံမှုများ မူဝါဒ- Summa Rehab ဆေးရုံသည် သက်ဆိုင်သည့် လူနာအနေဖြင့် ဤမူဝါဒအရ ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်ခြင်းရှိမရှိ ဆုံးဖြတ်ရန် ကျိုးကြောင်းခိုင်လုံသည့် အားထုတ်ကြိုးပမ်းမှုကို မပြုလုပ်မီ Summa Rehab ဆေးရုံသည် ယခင်ကျသင့်ငွေတောင်းခံလွှာကို ပေးချေမှုမပြုခြင်း သို့မဟုတ် ဥပဒေရေးရာ သို့မဟုတ် တရားရေး လုပ်ငန်းစဉ်အရ တောင်းဆိုသည့် လုပ်ဆောင်ချက်များကြောင့် ဆေးကုသမှုဆိုင်ရာအရ လိုအပ်သည့်စောင့်ရှောက်မှုကို မပံ့ပိုးမီ အကြွေးဝန်ဆောင်မှုအေဂျင်စီ(များ) ထံသို့ အစီရင်ခံခြင်း၊ လူတစ်ဦးချင်းစီ၏ ကြွေးမြီကို အခြားအဖွဲ့တစ်ခုသို့ ရောင်းချခြင်း၊ ပေးချေမှုတစ်ခုကို ရွှေ့ဆိုင်းခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် တောင်းဆိုခြင်းကဲ့သို့သော သာမန်မဟုတ်သော ငွေကြေးကောက်ခံမှုများတွင် ပါဝင်လုပ်ဆောင်မည် မဟုတ်ပါ။ သာမန်မဟုတ်သော မည်သည့်ငွေကြေးကောက်ခံမှုများတွင်မဆိုပါဝင်သည့် ကောက်ခံမှုဆိုင်ရာ လုပ်ဆောင်ချက်သည် Summa Rehab ဆေးရုံ၏ ငွေတောင်းခံလွှာ ပေးပို့ခြင်းနှင့် ကောက်ခံမှုဆိုင်ရာ မူဝါဒတို့၌ ဖော်ပြထားသည့်အတိုင်း ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။
- Summa Rehab ဆေးရုံ၏ HCAP ပါဝင်ဆောင်ရွက်မှု – Summa Rehab ဆေးရုံသည် HCAP အိုဟိုင်းယိုးပြည်နယ်၏ ဆေးရုံစောင့်ရှောက်မှုဆိုင်ရာ အာမခံအစီအစဉ် (Ohio Hospital Care Assurance Program) အတွင်းပူးပေါင်းပါဝင်ဆောင်ရွက်သူဖြစ်သည်။ HCAP သည် အခြေခံကျသော ဆေးကုသမှုဆိုင်ရာအရ လိုအပ်သည့် ဆေးရုံအဆင့် ဝန်ဆောင်မှုများကို အကျုံးဝင်စေသည်။
- Summa Rehab ဆေးရုံ၏ အာမခံမပါဝင်သည့် လျှော့ဈေးဆိုင်ရာမူဝါဒ – HCAP သို့မဟုတ် Summa Rehab ဆေးရုံ၏ ငွေကြေးထောက်ပံ့မှုမူဝါဒအရ လျှော့ဈေးမရရှိသည့် အာမခံမထားရှိသော လူနာများသည် အာမခံမပါဝင်သည့် လျှော့ဈေးကို ဆေးကုသမှုဆိုင်ရာအရ လိုအပ်သည့်ဝန်ဆောင်မှုများအတွက် အကျုံးဝင်သည်။

ဤငွေရေးကြေးရေးအထောက်အကူပြုမူဝါဒအရ ဆေးကုသမှုနှင့်သက်ဆိုင်ခြင်းမရှိသော လိုအပ်သည့်ဝန်ဆောင်မှုများသည် အကျုံးဝင်ခြင်းမရှိပါ။

Summa Rehab ဆေးရုံ၏ ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒဖြင့် အကျုံးဝင်သည့် စောင့်ရှောက်ပံ့ပိုးသူများ

Summa Rehab ဆေးရုံ၏ ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒဖြင့် အကျုံးဝင်သည့် စောင့်ရှောက်ပံ့ပိုးသူများနှင့် အကျုံးမဝင်သည့် စောင့်ရှောက်ပံ့ပိုးသူများ၏ အသေးစိတ်စာရင်းများကို ဤတွင် တွေ့ရှိနိုင်ပါသည်-

https://www.summarehabhospital.com/patient-resources/financial-assistance-policy/

Summa Health

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

ဤစာရင်းများကို ဖော်ပြပါရက်စွဲဖြင့် ထုတ်ပြန်ထားခြင်းဖြစ်၍ လိုအပ်သည့်အခါ သုံးလတစ်ကြိမ်ထက်မနည်း ပြင်ဆင်မည်ဖြစ်သည်။ ဖော်ပြထားသည့် ပံ့ပိုးသူစာရင်း တစ်ခုစီတွင်တစ်ဦးချင်းစီသည် မတူညီသည့် ယေဘုယျအားဖြင့် တောင်းခံသည့် သီးသန့်ပမာဏ ရှိနိုင်သည့်အတွက် လက်တွေ့လျှော့ဈေးရာခိုင်နှုန်းများသည် အပြောင်းအလဲရှိနိုင်သည်။

ထို့ပြင် ဤမူဝါဒ၌-

- ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်မှုဆိုင်ရာ စံနှုန်းပါဝင်သည်
- ဤမူဝါဒအရ ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်သည့် လူနာများသို့ ကောက်ခံသည့် ပမာဏများကို တွက်ချက်ရမည့် အခြေခံအချက်ကို ဖော်ပြထားသည်
- ငွေရေးကြေးရေးအထောက်အကူကို လျှောက်ထားရန် လူတစ်ဦးချင်းစီအတွက် လုပ်ငန်းစဉ်ကို ဖော်ပြထားသည်
- ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းလုပ်ငန်းစဉ်အတွင်း လုပ်ဆောင်ရသည့် လုပ်ငန်းများကို ဖော်ပြထားသည်
- Summa Rehab ဆေးရုံသည် မူဝါဒကို လူမှုအသိုင်းအဝိုင်းအတွင်း မည်သို့နည်းဖြင့် အကျယ်တဝင့် အများသိရှိစေရန် ပြုလုပ်မည်ကို ဖော်ပြထားသည်

1. ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်မှု

   ငွေရေးကြေးရေးအထောက်အကူကို ဤမူဝါဒနှင့်အညီ ငွေရေးကြေးရေးလိုအပ်ချက်ရှိမရှိ ဆုံးဖြတ်ချက်ကို အခြေခံ၍ ဆေးကုသမှုကုန်ကျစရိတ်များနှင့် ပတ်သက်၍ အာမခံထားခြင်းမရှိသူ သို့မဟုတ် ဆေးကုသစရိတ် အာမခံထားရှိသော်လည်း စောင့်ရှောက်မှုအတွက် ငွေမပေးနိုင်သောသူများ ယင်းလူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ ဤတွင် အောက်ပါသတ်မှတ်အခြေအနေများပါဝင်နိုင်သည်-

   a. လူတစ်ဦးဦးသည် ကြားခံပြင်ပအဖွဲ့အစည်း၏ အာမခံ၌ အကျုံးဝင်မှုမရှိခြင်း
   b. လူတစ်ဦးဦးသည် အများနှင့်ဆိုင်သော အထောက်အကူအတွက် အကျုံးဝင်သော်လည်း သီးသန့်ဝန်ဆောင်မှုတွင် အကျုံးဝင်မှုမရှိခြင်း
   c. Medicare သို့မဟုတ် Medicaid ခံစားခွင့်များ မရှိတော့သည့်အပြင် လူတစ်ဦးဦးသည် ဆေးကုသစရိတ် ပေးချေနိုင်စွမ်းမရှိတော့ခြင်း
   d. လူတစ်ဦးဦးသည် အာမခံထားရှိသော်လည်း အာမခံထားရှိပြီးနောက်ပိုင်း လူတစ်ဦးဦး၏ ငွေလက်ကျန်အတွက် ပေးချေရန်ရှိသော ငွေရေးကြေးရေးလိုအပ်ချက်အပေါ်အခြေခံသည့် အထောက်အကူအတွက် အရည်အချင်းပြည့်မီခြင်း
   e. လူတစ်ဦးဦးသည် အိုဟိုင်းယိုးပြည်နယ်၏ ဆေးရုံစောင့်ရှောက်မှုဆိုင်ရာ အာမခံထားရှိရေး အစီအစဉ် (HCAP) သတ်မှတ်လိုအပ်ချက်များနှင့် ကိုက်ညီခြင်း

2. အကျုံးဝင်မှုဆိုင်ရာ စံနှုန်း

   a. လူတစ်ဦးဦး၏ အကျုံးဝင်မှုကို ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များ၊ မိသားစုအရွယ်အစား အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အိမ်ထောင်စုဝင်ငွေကို အသုံးပြု၍ ဆုံးဖြတ်ပါသည် (ပူးတွဲ A ကို ရှုပါ)

   b. Summa Rehab ဆေးရုံသည် 12 လ တစ်ဆက်တည်းကာလအတွင်း Medicare ဝန်ဆောင်မှုအတွက် အဖိုးအခဖြင့် ခွင့်ပြုထားသော တောင်းဆိုမှုများအပေါ်အခြေခံ၍ နောက်ကြောင်းပြန်တွက်ချက်နည်းကို အသုံးပြု၍ ယေဘုယျအားဖြင့် တောင်းခံသော ပမာဏကို တွက်ချက်ပါသည်။ ယေဘုယျအားဖြင့် တောင်းခံသော ပမာဏအား တွက်ချက်နည်းအတွက် အသေးစိတ်ရှင်းလင်းချက်ကို အချပ်ပို A ကို ရှုပါ။

   c. Summa Rehab ဆေးရုံ ငွေရေးကြေးရေးအထောက်အကူ- လူတစ်ဦးချင်း၏ အိမ်ထောင်စုဝင်ငွေသည် ကျသင့်ငွေလျှော့ချမှုအတွက် အကျုံးဝင်စေရန်ငှာ လက်ရှိ ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာကန့်သတ်ချက်များ (FPL) ထက် 250% ထက်များပြီး 400% ထက်နည်းရမည် (ပူးတွဲ A ကို

Summa Health

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

ကြည့်ပါ)။ ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်သည့် လူနာအား ယေဘုယျအားဖြင့် တောင်းခံသော ပမာဏ (AGB) ထက်ပို၍ ကျခံစေမည်မဟုတ်ပါ။ ဤသည်က အာမခံမရှိသည့် လူတစ်ဦးချင်းစီအတွက်ဖြစ်စေ အာမခံပေးချေမှုနောက်ပိုင်း လူနာမှကျန်ရှိသောပမာဏကို ပေးရန်တာဝန်ရှိသော လူတစ်ဦးချင်းစီအတွက်ဖြစ်စေ တောင်းခံသည့် ကျသင့်ငွေများအတွက် တစ်စိတ်တစ်ပိုင်းသော ညှိနှိုင်းမှုကို ဖြစ်စေသည်။

d. Summa Rehab ဆေးရုံ ငွေရေးကြေးရေးအထောက်အကူ- လူတစ်ဦးချင်း၏ အိမ်ထောင်စုဝင်ငွေသည် တောင်းခံနိုင်သော ကျသင့်ငွေများမှ 100% လျှော့ချမှုအတွက် အကျုံးဝင်စေရန်ဂှာ လက်ရှိ ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာကန့်သတ်ချက်များ (FPL) အရ 250% ထက်နည်းရမည် သို့မဟုတ် ရှိရမည်။ ဤသည်က အာမခံမရှိသည့် လူနာတစ်ဦးချင်းစီ သို့မဟုတ် အာမခံပေးချေမှုနောက်ပိုင်း လူနာမှကျန်ရှိသောပမာဏကို ပေးရန်တာဝန်ရှိသော လူနာတစ်ဦးချင်းစီအား တောင်းခံသည့် ကျသင့်ငွေများအတွက် အပြည့်အဝညှိနှိုင်းပြီးရလဒ်ကို ဖြစ်စေသည်။

e. ငွေရေးကြေးရေးအထောက်အကူ လျှောက်လွှာပုံစံများကို ပထမဆုံးသော ဆေးရုံမှဆင်းခြင်းအတွင် ငွေတောင်းခံလွှာ ထုတ်ပြန်ချက်နောက်ပိုင်း အနည်းဆုံး ရက်ပေါင်း 240 အထိ ထည့်သွင်းစဉ်းစားမည်ဖြစ်၍ လျှောက်ထားမှုကို ခွင့်ပြုသည့် နောက်ဆုံးရက်နောက်ပိုင်း (6) လ အထိ အကျုံးဝင်စေ၍ ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

f. ကိုယ်ရေးကိုယ်တာ ငွေရေးကြေးရေးထုတ်ပြန်ချက်ကို တောင်းဆိုခြင်း သို့မဟုတ် လျှောက်ထားသူ၏ နောက်အကျဆုံး W-2 ပုံစံ၊ နောက်အကျဆုံး အခွန်ပုံစံ၊ ဘဏ်ထုတ်ပြန်ချက်များ၏ မိတ္တူများကို ရယူခြင်း သို့မဟုတ် အစီရင်ခံထားသည့် ဝင်ငွေကို အထောက်အထားပြနိုင်သော အခြားမည်သည့် သက်သေခံအထောက်အထားဖြင့်မဆို ဝင်ငွေကို အတည်ပြုမည်ဖြစ်သည်။ Summa Rehab ဆေးရုံသည် ဝင်ငွေ၊ မိသားစုအရွယ်အစား သို့မဟုတ် လျှောက်ထားမှုအတွင်း ရှင်းလင်းမှုမရှိနိုင်သည့် မည်သည့်အချက်အလက်များအတွက်မဆို နှုတ်ဖြင့် ပြုလုပ်သည့် ရှင်းလင်းချက်ကို လက်ခံကောင်းလက်ခံနိုင်သည်။

g. ဝင်ငွေဆိုင်ရာ စိစစ်အတည်ပြုခြင်းကို အထောက်အကူပြုသည့် သက်သေခံအထောက်အထားနှင့် ရရှိနိုင်သော ပိုင်ဆိုင်မှုများကို လူနာ၏ ဖိုင်တွဲတွင် နောင်အခါကိုးကားမှီငြမ်းရန် ထိန်းသိမ်းထားရမည်။

h. အိုဟိုင်းယိုးပြည်နယ်၏ ဆေးရုံစောင့်ရှောက်မှုဆိုင်ရာ အာမခံအစီအစဉ် (Ohio Hospital Care Assurance Program) (HCAP) - ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာကန့်သတ်ချက် (FPL) 100% နှင့် အောက်ရှိသော လူတစ်ဦးချင်းစီသည် အိုဟိုင်းယိုးပြည်နယ်၏ ဤအစီအစဉ်အတွက် အကျုံးဝင်နိုင်ပြီး ၎င်းတွင် အရေးပေါ်နှင့် ဆေးကုသမှုဆိုင်ရာအရ လိုအပ်သော ဝန်ဆောင်မှုများ ပါဝင်သည်။

i. ဤမူဝါဒအတွင်း ဖော်ပြထားသည့် သတ်မှတ်ချက်များ၏ပြင်ပတွင် ကျရောက်နိုင်သော လူတစ်ဦးဦး၊ ထိုသူသည် အဆိုပါ ဆေးရုံပံ့ပိုးမှုဆိုင်ရာ ဆုံးဖြတ်ချက်တွင် ခွဲခြားသတ်မှတ်ခြင်းနှင့် ခြွင်းချက်ကျန်းမာရေးအခြေအနေဆုံးဖြတ်ပိုင်ခွင့်ရှိသော CEO နှင့်/သို့မဟုတ် CFO မှ အတည်ပြုထောက်ခံခြင်းရသော မည်သည့်လူတစ်ဦးချင်းအတွက်မဆို လျှော့ဈေး သို့မဟုတ် လျှော့ဈေးပါဝင်သည့် စောင့်ရှောက်ခြင်းအတွက် ဆုံးဖြတ်ခွင့်ကို Summa Rehab ဆေးရုံသည် ရယူထားပြီးဖြစ်သည်။ (ဥပမာ- ရောဂါဖြစ်ပွားမှု၊ အလွန်မြင့်မားသော ဆေးကုသစရိတ်နှင့်/သို့မဟုတ် ဆေးဝါးများ အစရှိသဖြင့်)

Summa Health™

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

3. ငွေရေးကြေးရေးအထောက်အကူအတွက် လျှောက်ခြင်း

   a. လူနာတစ်ဦးသည် Summa Rehab ဆေးရုံ ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို ပြီးစီးလုပ်ဆောင်ရမည်။

      i. ပြည့်စုံစွာရေးဖြည့်ထားသော ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံမရှိသည့်အခါ အချို့အခြေအနေများ၌ (ဥပမာ- လူနာသည် အိမ်ခြေမဲ့ဖြစ်လျှင်) ငွေရေးကြေးရေးအထောက်အကူကို ဆုံးဖြတ်ရန်နှင့် မှတ်တမ်းတင်ရန်အတွက် ယုတ္တိတန်၍ မှန်ကန်သည်ဟု မှတ်ယူရသော အကျုံးဝင်မှုကို အသုံးပြုနိုင်သည်။

      ii. Summa Rehab ဆေးရုံသည် လူနာတစ်ဦးအား ငွေရေးကြေးရေးအထောက်အကူအတွက် အကျုံးဝင်မှုရှိမရှိကို မှန်းဆခြင်းအတွက် ဆုံးဖြတ်ရာတွင် အထောက်အကူပြုနိုင်ရန်အလို့ငှာ ပေးချေနိုင်စွမ်းကဲ့သို့ အချက်အလက်များကို ရရှိရန် ရရှိနိုင်သော ရင်းမြစ်များ (ဥပမာ- နည်းပညာဆိုင်ရာ ဖြေရှင်းချက်များ၊ ဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများ စသည်ဖြင့်) ကို အသုံးချနိုင်သည်။

   b. ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို ပြည့်စုံစွာ ရေးဖြည့်ရာတွင် အထောက်အကူပြုပေးနိုင်ရန် လူနာအတွက် ငွေရေးကြေးရေးအထောက်အကူပြု ဥပဒေအကျိုးဆောင်များကို ရရှိနိုင်ပါသည်။ လူနာအတွက် ငွေရေးကြေးရေးအထောက်အကူပြု ဥပဒေအကျိုးဆောင်များနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုမိုရယူရန် စာမျက်နှာ 6 ကို ကြည့်ပါ။

4. ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းလုပ်ငန်းစဉ်အတွင်း လုပ်ဆောင်သည့် Summa Rehab ဆေးရုံ၏ လုပ်ဆောင်ချက်များ

   a. Summa Rehab ဆေးရုံ၏ ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒကို ပေးစွမ်းပါသည်-

      i. မှတ်ပုံတင်ပုံစံ၏ သတ်မှတ်အခြေအနေများတွင် ထည့်သွင်းထားပါသည်။

      ii. လူနာ၏ ငွေတောင်းခံလွှာ ထုတ်ပြန်ချက်တွင် ထည့်သွင်းထားပါသည်။

      iii. https://www.summarehabhospital.com/patient-resources/financial-assistance-policy/ကို ထုတ်ပြန်ထားသည်။

      iv. ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို ပထမဆုံးသော ဆေးရုံမှဆင်းခြင်းအတွင်း ငွေတောင်းခံလွှာ ထုတ်ပြန်ချက်နောက်ပိုင်း အနည်းဆုံး ရက်ပေါင်း 120 အတွင်း တင်သွင်းခြင်းမရှိပါက Summa Rehab ဆေးရုံသည် ငွေတောင်းခံလွှာ ပေးပို့ခြင်းနှင့် ကောက်ခံမှုဆိုင်ရာ မူဝါဒအတွင်း မှတ်ချက်ပြုထားသည့် လုပ်ဆောင်ချက်များကို လိုက်နာရနိုင်သည်။

   b. မပြည့်စုံသော ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို တင်သွင်းခြင်း- ဆေးရုံမှဆင်းခြင်းအတွင် ငွေတောင်းခံလွှာ ထုတ်ပြန်ချက်ရက်စွဲနောက်ပိုင်း အနည်းဆုံးအားဖြင့် ရက်ပေါင်း 240 အတွင်း (လျှောက်ထားမှုကာလ) မပြည့်စုံသော ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို တင်သွင်းသည့်အခါ Summa Rehab ဆေးရုံသည် အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်သည်-

      i. ငွေရေးကြေးရေး မူဝါဒနှင့် ပုံစံအရ တောင်းဆိုသည့် ထပ်ဆောင်းအချက်အလက်များ နှင့်/သို့မဟုတ် သက်သေခံအထောက်အထားများကို ဖော်ပြထားသော စာဖြင့်ရေးသားထားသည့် သတိပေးချက်ဖြင့် လူတစ်ဦးချင်းအား ပံ့ပိုးခြင်း။

      ii. လူတစ်ဦးဦးသည် လုံလောက်သည့် အချိန်သတ်မှတ်ချက်အတွင်း ငွေရေးကြေးရေးအထောက်အကူဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုကို ပြီးစီးလုပ်ဆောင်ရန်အတွက် လိုအပ်သည့် အချက်အလက်များကို ပံ့ပိုးခြင်းမရှိပါက ဆေးရုံသည် လျှော့ဈေးခံစားခွင့်မပါဘဲ ငွေတောင်းခံလွှာ ပေးပို့ခြင်းနှင့် ကောက်ခံမှုဆိုင်ရာ မူဝါဒအတွင်း မှတ်ချက်ပြုထားသည့် လုပ်ဆောင်ချက်များကို အစပြုလုပ်ဆောင်နိုင်သည် သို့မဟုတ် ပြန်လည်စတင်နိုင်သည်။

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

c. ပြည့်စုံသည့် ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို တင်သွင်းထားသည်- Summa Rehab ဆေးရုံသည် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဖြစ်သည်-

i. လုပ်ဆောင်ပါက သာမန်မဟုတ်သည့် မည်သည့်ငွေကြေးကောက်ခံမှုများကိုမဆို ဆိုင်းငံ့ခြင်း
ii. Summa Rehab ဆေးရုံမှ ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံကို လုပ်ဆောင်နေသည့်အချိန်အတွင်း မည်သည့် ကောက်ခံမှုလုပ်ဆောင်ချက်ကိုမဆို ဆိုင်းငံ့ခြင်း
iii. အကောင့်ကို ကောက်ခံမှုအေဂျင်စီနှင့်အတူ ထားရှိပါက ဆုံးဖြတ်မှုကို ပြုလုပ်သည့်အခါ ကောက်ခံမှုဆိုင်ရာ အားထုတ်မှုများကို အဆုံးသတ်ရန် အေဂျင်စီအား အသိပေးမည်ဖြစ်သည်
iv. အကျုံးဝင်မှုအတွက် အဆုံးအဖြတ် ချမှတ်ခြင်းကို ပြုလုပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း
v. အကျုံးဝင်မှုဆိုင်ရာ အဆုံးအဖြတ်အား အချိန်မီ အကြောင်းကြားခြင်း
vi. သက်ဆိုင်မှုရှိပါက ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းနောက်ပိုင်း ငွေလက်ကျန်ကို ဖော်ပြသည့် ငွေတောင်းခံလွှာနှင့်အတူ လူနာအား ပံ့ပိုးခြင်း
vii. လူတစ်ဦးချင်းစီအား မည်သည့်ငွေပိုပေးချေခြင်းများကိုမဆို ငွေပြန်အမ်းခြင်း
viii. လူတစ်ဦးချင်းအပေါ် ချမှတ်ထားသော သာမန်မဟုတ်သည့် မည်သည့်ငွေကြေးကောက်ခံမှုများအတွက်မဆို တန်ပြန်လုပ်ဆောင်သည့် ကျိုးကြောင်းခိုင်လုံသည့် လုပ်ဆောင်ချက်ကို လုပ်ဆောင်ခြင်း

5. ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ၊ ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံနှင့် ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ၏ ရိုးရှင်းဘာသာစကားသုံး အနှစ်ချုပ်ဖော်ပြချက်တို့သည် ထင်သာမြင်သာရှိပြီး အင်္ဂလိပ်၊ စပိန်၊ အာရဗီ၊ နီပေါလ်၊ မြန်မာနှင့် ကရင်ဘာသာများဖြင့် လူတစ်ဦးချင်းစီအတွက် ရရှိနိုင်ပါသည်။ ဤဝန်ဆောင်မှုများသည် Summa Rehab ဆေးရုံ ဝန်ဆောင်မှုဧရိယာများအတွက် သင့်လျော်သည့် ဘာသာစကားများဖြစ်ပါသည်-

a. ဝဘ်ဆိုက်- Summa Rehab ဆေးရုံသည် ဤဝဘ်ဆိုက်တွင် အောက်ဖော်ပြပါ ပြည့်စုံသော လက်ရှိဗားရှင်းကို အကျယ်တဝင့် ရှင်းလင်းပြည့်စုံစွာ ရေးသားတင်ပြသွားမည်ဖြစ်သည်-

i. ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ (FAP)
ii. ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းပုံစံ
iii. ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ၏ ရိုးရှင်းဘာသာစကားသုံး အနှစ်ချုပ်ဖော်ပြချက်
iv. Summa Rehab ဆေးရုံ၏ လူနာအတွက် ငွေရေးကြေးရေးအထောက်အကူပြု ဉပဒေအကျိုးဆောင်များအား ဆက်သွယ်ရန် အချက်အလက်များ

b. အသိပေးအကြောင်းကြားဆိုင်းဘုတ်- Summa Rehab ဆေးရုံ၏ အသိပေးအကြောင်းကြားဆိုင်းဘုတ်ကို ခွင့်ပြုချက်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်းတို့ကို လုပ်ဆောင်သည့် ဧရိယာများရှိ နေရာများအားလုံး အပါအဝင် ဆေးရုံတစ်ခုလုံးရှိ အများနှင့်ဆိုင်သောနေရာများတွင် ရှင်းလင်းသိသာစွာ ပြသထားမည်ဖြစ်သည်။

c. လူကိုယ်တိုင်- လူနာအတွက် ဝင်ရောက်အသုံးပြုခွင့်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် လူနာအတွက် ငွေရေးကြေးရေးအထောက်အကူပြု ဉပဒေအကျိုးဆောင်များသည် လူနာများအား ငွေရေးကြေးရေးအထောက်အကူ လျှောက်ထားခြင်းကို အခမဲ့ ပေးကမ်းသွားမည်ဖြစ်ပြီး ၎င်းကို အထောက်အကူပြု အစီအစဉ်များအားလုံးအတွက် အကျုံးဝင်မှုကို ဆုံးဖြတ်ရန် အသုံးပြုမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားကို အကန့်အသတ်ဖြင့်သာပြောဆိုနိုင်သူ/လုံးဝမပြောဆိုနိုင်သူ သို့မဟုတ် အကြားအာရုံချွတ်ယွင်းသူကို စကားပြန်နည်းလမ်းဖြင့် အခမဲ့ပံ့ပိုးပါမည်။

Summa Health

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

## ရုတ်တရက်ကပ်ဘေးဆိုက်သည့် အခြေအနေများအတွက် ငွေရေးကြေးရေးအထောက်အကူ-

Summa Rehab ဆေးရုံက ရုတ်တရက်ကပ်ဘေးဆိုက်သည့် အခြေအနေများဆိုသည်မှာ လူနာမိသားစု၏နှစ်စဉ်ဝင်ငွေစုစုပေါင်း၏25% ထက်ကျော်လွန်သောပေးရန်တာဝန်ရှိသည့် ကျသင့်သောဆေးကုသမှုဆိုင်ရာ အကြွေးများအတွက် ကုန်ကျမှုများဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

## လူနာအတွက် ငွေရေးကြေးရေးအထောက်အကူ

Summa Rehab ဆေးရုံတွင် ငွေရေးကြေးရေးအထောက်အကူ၊ ပေးချေမှုဆိုင်ရာ အစီအစဉ်များ၊ အာမခံ၏ အကျုံးဝင်မှု၊ Medicare နှင့် အခြားသော ငွေရေးကြေးရေးဆိုင်ရာ စုံစမ်းမေးမြန်းမှုများနှင့် ပတ်သက်၍ သင့်မေးခွန်းများကို ဖြေကြားပေးနိုင်သော လူနာနှင့် ကျန်းမာရေးဝန်ထမ်းများအကြား ညှိနှိုင်းသူများနှင့် ဝင်ရောက်ခွင့်ပြုမှုများအတွက် ညှိနှိုင်းဆောင်ရွက်သူများ (Clinical Liaisons and Admissions Coordinators) ရှိသည်။ အင်္ဂလိပ်ဘာသာစကားကို အကန့်အသတ်ဖြင့်သာပြောဆိုနိုင်သူ/လုံးဝမပြောဆိုနိုင်သူ သို့မဟုတ် အကြားအာရုံချွတ်ယွင်းသူကို စကားပြန်နည်းလမ်းဖြင့် အခမဲ့ပံ့ပိုးပါမည်။

ငွေရေးကြေးရေးအထောက်အကူနှင့် ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက ဖုန်းခေါ်ဆိုရန်-

Summa Rehab Hospital
(330) 572-7255
ဝင်ရောက်ခွင့်ထုတ်ပေးသည့်ဌာန (Admissions Department)
29 N. Adams St.
Akron, OH 44304

## လူနာအကောင့်ဆိုင်ရာ ဝန်ဆောင်မှုများ

Vibra Western ငွေတောင်းခံလွှာပေးပို့သည့်ရုံးသို့ (717) 591-5700 ဖြင့် ဆက်သွယ်ပါ။

Summa Health

Summa Rehab Hospital

A partnership with Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

**အိုဟိုင်းယိုးပြည်နယ်တွင် နေထိုင်သူများအတွက် သတိပေးချက်-အိုဟိုင်းယိုးပြည်နယ်၏ ဆေးရုံစောင့်ရှောက်မှုဆိုင်ရာ အာမခံအစီအစဉ် (HCAP)-**

Summa Rehab ဆေးရုံသည် အိုဟိုင်းယိုးပြည်နယ်ရှိ ပြည်ထောင်စု ဆင်းရဲမွဲတေမှုအညွှန်းမျဉ်းအောက်တွင်ရှိသည့် သို့မဟုတ် ၎င်းအညွှန်းမျဉ်းတွင်ရှိသည့် ဝင်ငွေရရှိသော Medicare အစီအစဉ်ကို ရရှိထားသူများမဟုတ်သော အိုဟိုင်းယိုးပြည်နယ်တွင် နေထိုင်သူ လူတစ်ဦးချင်းစီအတွက် အခြေခံ ဆေးကုသမှုဆိုင်ရာ လိုအပ်ချက်ရှိသူများကို ဆေးရုံအဆင့် ဝန်ဆောင်မှုများအား အခမဲ့ပံ့ပိုးပါသည်။အကျုံးဝင်သည့် ဝန်ဆောင်မှုများသည် အိုဟိုင်းယိုးပြည်နယ် Medicaid အစီစဉ်အရ အကျုံးဝင်သော အတွင်းလူနာနှင့် ပြင်ပလူနာဝန်ဆောင်မှုများဖြစ်ပြီး ကိုယ်အစိတ်အပိုင်းအစားထိုးကုသခြင်း ဝန်ဆောင်မှုများနှင့် ကိုယ်အစိတ်အပိုင်းအစားထိုးကုသခြင်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများမှလွဲ၍ မသန်စွမ်းသူဆိုင်ရာ ငွေရေးကြေးရေးအထောက်အကူ၏ လက်ခံရရှိသူများသည် အထောက်အကူရရန်အတွက် အရည်အချင်းပြည့်မီသည်။ အိုဟိုင်းယိုးပြည်နယ်၏လူနေထိုင်မှုကို အိုဟိုင်းယိုးပြည်နယ်တွင် ဆန္ဒအလျောက် နေထိုင်သည့် လူပုဂ္ဂိုလ်တစ်ဦးက တည်ထောင်ထားပြီး ၎င်းသည် အခြားပြည်နယ် အတွင်း အများပြည်သူဆိုင်ရာ အထောက်အကူကို မရရှိထားပါ။ အိုဟိုင်းယိုးပြည်နယ်တွင် နေထိုင်သူများအတွက်ငွေရေးကြေးရေးအထောက်အကူများ တောင်းဆိုမှုများကိုHCAP အတွက် ဦးစွာလုပ်ဆောင်ပြီးနောက် အခြားတစ်နည်းဖြင့် ဤငွေရေးကြေးရေးအထောက်အကူ မူဝါဒ၏ ပြဋ္ဌာန်းချက်များဖြင့်သက်ရောက်စေသည်။

Summa Rehab Hospital

A partnership with
Vibra Healthcare

| | |
|---|---|
| ခေါင်းစဉ် | ငွေရေးကြေးရေးအထောက်အကူပြု မူဝါဒ |
| စတင်သက်ရောက်သည့်ရက်စွဲ | 2020 ခုနှစ်၊ ဇန်နဝါရီလ |
| ပြန်လည်သုံးသပ်သည့်ရက်စွဲ | 2020 ခုနှစ်၊ မတ်လ |
| နယ်ပယ်- | ဆေးရုံတစ်ခုလုံး |

**ပူးတွဲ A**

## 2020 ခုနှစ် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်များ

ဝန်ဆောင်မှုရယူသည့်ရက်စွဲများကို စတင်အသက်ဝင်စေမည့်ရက်စွဲ 2020 ခုနှစ်၊ ဇန်နဝါရီလ 17 ရက် 2020 ခုနှစ် ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှုကန့်သတ်ချက်ဆိုင်ရာလမ်းညွှန်ချက်များအတွက် သတိပေးချက်ကို ပြည်ထောင်စုပြန်တမ်းအတွင်း 2020 ခုနှစ်၊ ဇန်နဝါရီလ 17 ရက်တွင် ထုတ်ပြန်ခဲ့သည်။

| | 2020 စောင့်ရှောက်မှု အာမခံဝင်ငွေ လမ်းညွှန်ချက်များ | Summa ကျန်းမာရေးစနစ်နှင့် Summa Rehab ဆေးရုံ ငွေရေးကြေးရေးအထောက်အကူပြု အစီအစဉ် | | |
|---|---|---|---|---|
| မိသားစုအရွယ်အစား | ပြည်ထောင်စုအစိုးရ၏ ဆင်းရဲမွဲတေမှု အညွှန်း | 250% | 300% | 400% |
| 1 | $12,760 | $31,900 | $38,280 | $51,040 |
| 2 | $17,240 | $43,100 | $51,720 | $68,960 |
| 3 | $21,720 | $54,300 | $65,160 | $86,880 |
| 4 | $26,200 | $65,500 | $78,600 | $104,800 |
| 5 | $30,680 | $76,700 | $92,040 | $122,720 |
| 6 | $35,160 | $87,900 | $105,480 | $140,640 |
| 7 | $39,640 | $99,100 | $118,920 | $158,560 |
| 8 | $44,120 | $110,300 | $132,360 | $176,480 |
| လျှော့ဈေးအဆင့် | **100%** တောင်းခံထားသည်ကို လျှော့ချခြင်း အဖိုးအခများ | **100%** တောင်းခံထားသည်ကို လျှော့ချခြင်း အဖိုးအခများ | **90%** တောင်းခံထားသည်ကို လျှော့ချခြင်း အဖိုးအခများ | **88%** တောင်းခံထားသည်ကို လျှော့ချခြင်း အဖိုးအခများ |

**"မိသားစု" တွင်** လူနာ၊ လူနာ၏ အိမ်ထောင်ဖက် (၎င်းတို့သည် အိမ်တွင်အတူနေသည်ဖြစ်စေ မနေသည်ဖြစ်စေ) နှင့် လူနာ၏ ကလေးများအားလုံး၊ အိမ်တွင်အတူနေသည့် အသက် 18 နှစ်အောက် အရင်း သို့မဟုတ် မွေးစားထားသည့် ကလေးများ ပါဝင်သည်။ လူနာသည် အသက် 18 နှစ်အောက်ဖြစ်ပါက "မိသားစု" တွင် အိမ်တွင်အတူနေသည်ဖြစ်စေ မနေသည်ဖြစ်စေ၊ လူနာ၏ အရင်း သို့မဟုတ် မွေးစားထားသည့် မိဘ(များ)နှင့် မိဘများ၏ အိမ်တွင်အတူနေသည့် အသက် 18 နှစ်အောက် ကလေးများ ပါဝင်စေရမည်။

လင်ပါမယားပါသားသမီးများ၊ မြေးမြစ်များကို တရားဝင်မွေးစားခြင်းမှတစ်ပါး ဤအစီအစဉ်များ၏ ရည်ရွယ်ချက်များအတွက် မိသားစုအတွင်း ထည့်သွင်းရေတွက်ခြင်းမပြုပါ။